(ကွယ်လွန်ခြင်းတစ်နှစ်ပြည့်အမှတ်တရ)

mgyoe.com

SAMPLE BOOK

# တောမီး

## အောင်ဘညို

Forest Fire - Poems by Aung Ba Nyo
Translated by Maung Nyi Nyutt



mgyoe.com

mgyoe.com SAMPLE BOOK

တစ်ခါတစ်ခါတော့လည်း စာလည်းမဖတ်၊
ကဗျာလည်းမရေးဘဲ မြို့ပြရဲ့ချောင်ကျကျ
လက်ဖက်ရည်ဆိုင်လေးမှာ ထိုင်ပြီး မိမိရဲ့
အဆင်မပြေမှုများကိုတွေးပြီး ဆွေးဆွေး
မြည့်မြည့် ခံစားနေရတာလည်း ကဗျာ
တစ်ပုဒ်ပါပဲ။

အောင်ဘညို

mgyoe.com

Cover Design by Maung Day/Cover Painting by NCS

mgyoe.com SAMPLE BOOK
mgyoe.com

mgyoe.com SAMPLE BOOK

အောင်ဘညို ကွယ်လွန်ခြင်း တစ်နှစ်ပြည့် အမှတ်တရအဖြစ် ဒီကဗျာစာအုပ်လေးကို ထုတ်ဝေခွင့်ပြုတဲ့ ကိုအောင်ဘညို့ဇနီး မနန်းနဲ့ တချို့ ကဗျာစကားပြေလေးတွေ ကူညီ ရှာဖွေပေးတဲ့ ကိုအောင်မြင့်ဦး (လူထု စာကြည့်တိုက်)၊ ဝင်းဇော်လွင်၊ ပိုင်သစ်နွယ်တို့ကို နှစ်ကာလများ စာအုပ်တိုက်မှ ကျေးဇူးများစွာ တင်ရှိပါကြောင်း ...

မိုးဝေး

၂၅၊ ၅၊ ၂၀၁၆။

mgyoe.com

mgyoe.com SAMPLE BOOK

ကိုမိုးဝေးရေ ...

ဒီ 'တောမိး' စာအုပ်ကလေးက ထွက်ကို ထွက်မှ ဖြစ်မှာပါ။ ကျွန်မရင်ထဲ မကောင်းလွန်းလို့ပါ။ ဒီ 'တောမိး' စာအုပ်အဖုံးအတွက် ကိုငြိမ်းချမ်းက ပေးလိုက်တဲ့နေ့က ကျွန်မတို့ လင်မယားနှစ်ယောက် ထုံးစံအတိုင်းပေါ့၊ ထမင်းအိုး တူးလို့ ပန်းချီကားကို CD အမြန်ဆွဲပြီး တစ်ခါတည်း သွားရောင်းပြီး ထမင်းဝင်စားပြီး လင်မယားနှစ်ယောက် အိမ်ပြန်လမ်းမှာ တစ်ယောက်နဲ့ တစ်ယောက် စကားမပြောနိုင်ဘူး။ တိတ်တိတ်ဆိတ်ဆိတ် အမှတ်တရလေး တစ်ခုပါပဲ။

မနန်း

mgyoe.com

mgyoe.com
SAMPLE BOOK

နှစ်ကာလများ
တအုပ်အစီအစဉ် ၁၉၄

# တောမီး

က ဗျာ စု စ ည်း မှု

အောင်ဘညို

# Forest Fire

Poems Collection

Aung Ba Nyo

Translated by Maung Nyi Nyutt

နှစ်ကာလများ
အမှတ် ၁၀၄၊ အပေါ်ဆုံးထပ် (က)၊
အောင်ဇေယျလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း – ၀၉ ၇၉ ၅၂ ၇၈ ၇၉၅၊ ၀၉ ၂၅ ၄၈၄၈ ၀၄၈
e-mail: theeras2001@gmail.com

mgyoe.com

mgyoe.com SAMPLE BOOK

**ပုံနှိပ်မှတ်တမ်း**
တောမီး (ကဗျာစုစည်းမှု)
အောင်ဘညို
ပထမအကြိမ်၊ ဇွန်၊ ၂၀၁၆
အုပ်ရေ – ၅၀၀
တန်ဖိုး – ၂၀၀၀ ကျပ်

**ထုတ်ဝေသူ** ဦးစိန်ဝင်း၊ နှစ်ကာလများစာပေ (၀၀၇၄၄)၊ ၁၀၄၊ အပေါ်ဆုံးထပ် (က)၊ အောင်ဇေယျလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့။ **အတွင်းနှင့် အဖုံးပုံနှိပ်** ဦးဇော်မြင့်ဝင်း၊ ကာလာဇုန်ပုံနှိပ်တိုက် (၀၀၁၄၂)၊ ၁၈၄/ဘီ၊ ၃၁ လမ်း၊ ပန်းပဲတန်းမြို့နယ်၊ ရန်ကုန်မြို့။ **ကွန်ပျူတာစာစီ** သရဖီ။ **မျက်နှာဖုံး** ငြိမ်းချမ်းဆု၊ မောင်ဒေး။

mgyoe.com

mgyoe.com SAMPLE BOOK

# မာတိကာ

၁။ ဘဝအစပ္ပယ် ဝါကျများ * ၉
၂။ အိမ်တွင်းရေး ၂ * ၁၀
၃။ မင်းသားကြီး * ၁၁
၄။ ငြိမ်းချမ်းရေး ဆိုသည်မှာ * ၁၂
၅။ ဗုံ * ၁၃
၆။ မျက်လှည့် ၁ * ၁၄
၇။ အဆိပ် * ၁၅
၈။ လူပြိန်းကြိုက် တီးလုံး * ၁၆
၉။ မန္တလေးငှက် * ၁၇
၁၀။ ထမန်သီ ကျား * ၁၈
၁၁။ ငါတို့ဟာ Z မျိုးဆက်တွေ * ၁၉
၁၂။ အတု * ၂၁
၁၃။ လှေ * ၂၂
၁၄။ အနီရောင် မုန်းသူ * ၂၃
၁၅။ မေ့ဆေး * ၂၄
၁၆။ လျှောက်နေတဲ့လမ်း * ၂၅

mgyoe.com

mgyoe.com SAMPLE BOOK

၁၇။ အောက်မေ့ဖွယ် * ၂၆
၁၈။ အလွမ်း * ၂၇
၁၉။ ကိုယ်ရေးရာဇဝင် * ၂၈
၂၀။ လူ့ဘဝကို ဖွင့်ကြည့်ခြင်း * ၂၉
၂၁။ မီးခြစ်ပေါ်က မျောက်သုံးကောင် * ၃၀
၂၂။ မှုံပြာတေး * ၃၁
၂၃။ ထမင်းအိုးပေါ်မှာ မိုးစွေခဲ့တယ် * ၃၂
၂၄။ မေးခွန်း * ၃၃
၂၅။ ငြိမ်းချမ်းရေး သစ်ပင် * ၃၄
၂၆။ သိကြား သာသနာ ၁ * ၃၅
၂၇။ သိကြား သာသနာ ၂ * ၃၆
၂၈။ မျက်လှည့် ၂ * ၃၇
၂၉။ တောကြောင် * ၃၈
၃၀။ ဖြစ်စဉ်များ * ၃၉
၃၁။ ကဗျာထဲက သူရဲကောင်း * ၄၀
၃၂။ ဆုတောင်းခန်း * ၄၁
၃၃။ ယမ်းငွေ့တွေ ပြယ်ပြီလား * ၄၂
၃၄။ အမြင်များ * ၄၄

1. The sentence of the meaning of life * 47
2. The private affairs of a household 2 * 48
3. The film actor * 49
4. The peace means * 50
5. Drum * 51
6. Magic 1 * 52
7. Poison * 53
8. Tune liked by layman * 54
9. Mandalay Malaria * 55
10. The Htaman The tiger * 56

mgyoe.com

mgyoe.com SAMPLE BOOK

11. We are Z generation * 57
12. The fake * 58
13. Boat * 59
14. The one who hates red colour * 60
15. Anaesthetic * 61
16. The Lost way * 62
17. Memorable * 63
18. Longing * 64
19. A personal biography * 65
20. The definition of human life * 66
21. The three monkeys on a match box * 67
22. The blurred song * 68
23. It rained on the rice pot * 69
24. Question * 70
25. The peace tree * 71
26. The Sakka dispensation 1 * 72
27. The Sakka dispensation 2 * 73
28. Magic 2 * 74
29. Wild cat * 75
30. Processes of events * 76
31. A heroe in the poetry * 78
32. The scene of a prayer * 79
33. Has the smoke of gunpower gone? * 80
34. Views * 81

နောက်ဆက်တွဲ ...
၁။ ဝိညာဉ်မဲ့သွားတဲ့ ရွှေသေနတ် * ၈၅
၂။ မျက်မမြင် ပုဏ္ဏားများ * ၈၆
၃။ မျဉ်းဖြောင့်အလင်း * ၈၇

mgyoe.com

m g y o e . c o m SAMPLE BOOK

၄။ သမ္မတကြီး * ၈၉
၅။ မြစ်မနားတဲ့ မြို့ * ၉၀
၆။ ခွေးစာကျွေးမယ် * ၉၂
၇။ ကတိစကားအပေါ်က ကတိစကားများ * ၉၃
၈။ မနက်ဖြန် * ၉၄
၉။ အချစ် တင်ဆက်မှု * ၉၅
၁၀။ ပင်လယ်များကို ဖြတ်သန်းခြင်း * ၉၇
၁၁။ မျဉ်းဖြောင့်များရဲ့ ရန့် * ၁၀၄
၁၂။ ကမာရွတ် လှည်းတန်း/၉၆ * ၁၀၇

mgyoe.com

m gyoe.com SAMPLE BOOK

ငါ့အသက်ကို
ရှက်ဆုတ် ပြက္ခဒိန်လို
နာနာကျင်ကျင် နေ့တိုင်း ဆုတ်ဖြလို့
ဘဝအဓိပ္ပာယ် ဘာလဲ မမေးပါနဲ့ ...

လေတဟူးဟူး မိုးရေထဲ
စက္ကူစွန်က ဝိုင်ယာကြိုးမှာ ငြိလို့
ဘဝအဓိပ္ပာယ် ဘာလဲ မမေးပါနဲ့ ...

ခွေး ပါးစပ်ထဲက
ထန်းလျက်ခဲ ချိုမြပါဦးမလား
ဘဝအဓိပ္ပာယ် ဘာလဲ မမေးပါနဲ့ ...

ပခြုပ်ထဲက မြွေ
ငြိမ်ငြိမ်လေး ခွေလို့
ဘဝအဓိပ္ပာယ် ဘာလဲ မမေးပါနဲ့ ...

ဆုတောင်းသံနဲ့
ဘုရားရှေ့က အမွှေးတိုင်
တငွေ့ငွေ့ လောင်ကျွမ်းလို့
ဘဝအဓိပ္ပာယ် ဘာလဲ မမေးပါနဲ့ ...

မမေးပါနဲ့
မမေးကြပါနဲ့
ဘဝအဓိပ္ပာယ်ကို မမေးကြပါနဲ့ကွယ် ...။ ။
*JOB ဂျာနယ်၊ ၂၈၊ ဒီဇင်ဘာ၊ ၂၀၁၂။*

mgyoe.com

mgyoe.com SAMPLE BOOK

## အိမ်တွင်းရေး ၂

မနက်ခင်း နေရောင်ဟာ
ရေအိုင်သေပေါ် နားနေလေရဲ့ ...။

စောစောစီးစီးပါပဲ
ငရုတ်ဆုံပေါ် ဖယောင်းတိုင် ထွန်းပြီး
သူမ လာဘ်ခေါ်လိုက်တယ်။
ပါးစပ်က အမည်မဲ့ မန္တာန် တတွတ်တွတ်
ရွတ်ဆိုလို့။

ယောကျ်ားက အိပ်ရာထဲမှာ
အရက်နာ ကျတုန်း။

သားကြီးက အိုင်သွားပက်တာ ပြန်မရောက်သေးဘူး။

နို့ညှာသမီးက
မန်ကျည်းရွက် သွားခူးတာ
နောက်ကျလှချည်လား။

အငယ်ဆုံး ကလေးက
နို့မထွက်တဲ့ နို့ပိန်ကို
ဖိမ်ယူ စို့ကောင်းတုန်း။

သူမ မျက်လုံးတွေက
ပေါင်လို့ရမယ့် ပစ္စည်းကို
အပြေးအလွှား ရှာဖွေနေတုန်း။ ။

*Fashion* မဂ္ဂဇင်း၊ ဇူလိုင်၊ ၂၀၁၃။

mgyoe.com

mgyoe.com SAMPLE BOOK

မင်းသားကြီး

ဇော်ခင်ဟာ
ပေါ်ပင် မဝတ်
ဒါပေမဲ့
ဇော်ခင်တစ်ခေတ် ဖြစ်ခဲ့တယ်။

ခုတော့ တို့လောကမှာ
ပေါ်ပင် ဝတ်ပြီး
ဇော်ခင် ဖြစ်ချင်သူတွေက များလှချည်လား။ ။

*ပိတောက်ပွင့်သစ် မဂ္ဂဇင်း။*

mgyoe.com

mgyoe.com SAMPLE BOOK

ငြိမ်းချမ်းရေး ဆိုသည်မှာ

စစ်သားက တိုင်းပြည် ကာကွယ်
တောင်သူက လယ်လုပ်
ဆရာဝန်က ဆေးကု
ကဗျာဆရာက ကဗျာရေး
အင်ဂျင်နီယာက အဆောက်အဦဆောက်
ဈေးသည်က ဈေးရောင်း
ဗေဒင်ဆရာက ဗေဒင်ဟော
ဒီလိုသာဆိုရင်
တိုင်းပြည်က အမြဲတမ်း ငြိမ်းချမ်းနေတော့မှာ ...။ ။

mgyoe.com

mgyoe.com SAMPLE BOOK

ပုံ

ပုံ
လက်နဲ့ တီးတော့ အသံတို့ ထွက်ကျလာ ...။

ပုံက မြည်တာလား
လက်က မြည်တာလား ...။

မြင်ကွင်းထဲ
ပုံလည်း မရှိ
လက်လည်း မရှိ
လေထုထဲ အဆက်မပြတ် မြည်နေ

ပုံသံများ
ပုံသံများ
ပုံသံများ ...။

*Beauty* မဂ္ဂဇင်း၊ ဒီဇင်ဘာ ၂၀၁၂။

mgyoe.com

mgyoe.com SAMPLE BOOK

မျက်လှည့် ၁

ဒေးဗစ်ကော်ပါဖီးက
မီးရထားတွဲကြီးကို ဖျောက်ပြတာ
လေဘာတီ ရုပ်တုကြီး ဖျောက်ပြတာ ...
ဒါ အသေးအဖွဲပါ
ငါတို့ဆီက မျက်လှည့်ဆရာ
မြစ်ကြီးကို ဖျောက်ပြတာ
တောင်ကြီးကို ဖျောက်ပြတာ
တောကြီးကို ဖျောက်ပြတာ
နောက်ဆုံးပြကွက် အနေနဲ့
လူတွေကို ဖျောက်ပြမယ်မလား
နိုင်ငံကို ဖျောက်ပြမယ် ...။ ။

*Treasure Land* မဂ္ဂဇင်း။

mgyoe.com

mgyoe.com SAMPLE BOOK

အဆိပ်

ငါ့အဆုတ်ထဲမှာ
ကာဗွန်ဒိုင်အောက်ဆိုဒ်
၁၀၀% နှုန်းနဲ့ ...။

အသီးအရွက်တွေကလည်း
အရွက်ဖျန်းဆေးနဲ့ အသီးဖျန်းဆေးနဲ့
ပိုးသတ်ဆေးတွေ ဒင်းကြမ်းနဲ့ ...။
ရယ်ဒီမိတ်တွေလည်း
ဆိုးဆေးတွေ မသိုးဆေးတွေ အလျှံပယ်နဲ့ ...။

မိန်းမကလည်း
ဒီစားအုန်းဆီနဲ့
ဒီအချိုမှုန့်နဲ့

ငါ သောက်နေတဲ့ ရေက
အာဆန်းနစ် နိုင်းချင်းနဲ့ ...။

အသက်ကို
အသက်ရှူ ရပ်မသွားအောင်
ဖြည်းဖြည်းဖွဖွလေး ရှူနေရတယ်။ ။

*Beauty* မဂ္ဂဇင်း၊ ဖေဖော်ဝါရီ၊ ၂၀၁၃။

mgyoe.com

mgyoe.com SAMPLE BOOK

## လူပြိန်းကြိုက် တီးလုံး

ငါ့အခန်းထဲ
သီချင်းတို့ ပေါလောမျောနေတယ်
မှိုနံ့ အိုးနံ့တို့ စူးရှူး
အဟောင်းတွေ အသက်ပြန်သွင်းထားတဲ့
ရီဆိုက်ကယ်က
ငါကိုယ်တိုင်ပဲ ..။

ပြီးခဲ့တဲ့ နှစ်ငါးဆယ်
အဲဒီထက် ဆိုးဝါး
ကိုယ်ကျိုးနည်း များများ
ခု ... ခင်ဗျား မြင်နေရတာက
တက်ကျိုးတာ မဟုတ်ဘူး
လက်သွင်သွင် ကျိုးနေတာ။

နောက်ထပ် ပြန်စလို့ မရတဲ့
ဂိမ်းပွဲများ
ဘဝရဲ့ အနုတ်အသိမ်းမှာ
စစ်တုရင်ခုံပေါ်က အပ်ကွက်
တော်ပါတော့ကွာ
ငြီးငွေ့ပျင်းရိဖွယ် သီချင်းတွေ ...။

*ရုပ်ရှင်တေးကဗျာ မဂ္ဂဇင်း။*

mgyoe.com

mgyoe.com SAMPLE BOOK

## မန္တလေးငှက်

ငါတို့ ငယ်ငယ်တုန်းကဆို
ငါတို့ မြောက်ဘက်အရပ် မင်းတဲအိုကင်း အသွားမခံဘူး
မဖြစ်မနေ သွားရမယ်ဆို
အကျီ ထူထူဝတ် ညအိပ်ညနေ လက်မခံ
သစ်ရိပ်ဝါးရိပ်တွေနဲ့ မှောင်ရီဆိုင်းနေတဲ့
မင်းတဲအိုကင်း ...။

ရာဇဝင် ရှိတယ်
ကုန်းဘောင်ခေတ်ထဲက ပုဂံမင်း
ဦးနှောက်ထဲ ဆစ်ပလစ်ပိုး ဝင်ပြီး ရူးတော့
အမရပူရကနေ မင်းတဲအိုကင်း ပို့ထားရတယ်။

အခုတော့ မင်းတဲအိုကင်းမှာ
သစ်ပင်လည်း မရှိ ပုဂံမင်းလည်း မရှိ
ငှက်ဖျားဖြစ်ချင်လိုက်တာ အမေရယ် ...။ ။

*in Style* မဂ္ဂဇင်း၊ ဖေဖော်ဝါရီ၊ ၂၀၁၃။

mgyoe.com

mgyoe.com SAMPLE BOOK

## ထမန်းသီ ကျား

ဖိန်းမောင်း မလိုဘူး
အရက်ဆိုင်ထဲ ရှေ့ကျွမ်းနဲ့ ဝင်သွားပြီး
နောက်ကျွမ်းနဲ့ ပြန်ထွက်သွားတာတွေ
ပါးစပ်မှာ ငှက်ပျောဖီး ပေါ့ပေါ့ပါးပါး ကိုက်လို့ ...။

လူရှင်တော် ကိုချစ်စရာ စကားနဲ့ ပြောရရင်
ဒီပညာမှာ သေတ္တာမှောက်ပါ ငါ့ညီရာ ... တဲ့။

ရွာနားမှာ
ကျား နာနေပြီ
ကလေးနဲ့ နွားများ သတိထားကြပါ။ ။

*in Style* မဂ္ဂဇင်း၊ ဩဂုတ်၊ ၂၀၁၂။

mgyoe.com

mgyoe.com SAMPLE BOOK

## ငါတို့ဟာ Z မျိုးဆက်တွေ

ငါတို့ မျိုးဆက်တွေ
လဲကျ
ပြန်ထ
တချို့ ပြာကျ ငါတို့ရဲ့ Z မျိုးဆက်တွေ ...။

ငါတို့ ရှေ့ချီခဲ့တယ်
ရဲရင့်တဲ့ ဝီရိယနဲ့
ဖြူစင်တဲ့ သတ္တိနဲ့
မမေ့လျော့တဲ့ ဇွဲနဲ့
ငါတို့ Z မျိုးဆက်တွေ ...။

ဘဏ်စာရေးမ လက်ထဲက ငွေတွေ
အငွေ့ပြန်သွားသလို
ငါတို့ရဲ့ အနာဂတ် နေ့ရက်တွေ
ငါတို့လက်ထဲမှာတင် အငွေ့ပြန်သွားကြ
ငါတို့ Z မျိုးဆက်တွေ။

ချစ်သူကို ချစ်တာတောင်
ဥပေက္ခာ တစ်ဝက်နဲ့ ချစ်ခဲ့ရတယ်
ဗားတော့ဘရက် ကဗျာဖွဲ့သလို
ငါတို့ဟာ Z မျိုးဆက် ...။

mgyoe.com

mgyoe.com SAMPLE BOOK

နှစ် ၅၀ မှာ
ဆုပ်မိကိုင်မိတာဆိုလို့
ဒဏ်ရာနဲ့ အတွင်းကြေ
ငါတို့ဟာ Z မျိုးဆက် ...။

Zero ဆိုတာ
ငါတို့ရဲ့ နာမ်စားပဲ မဟုတ်လား။ ။

*မဟေသီ မဂ္ဂဇင်း။*

mgyoe.com

mgyoe.com SAMPLE BOOK

## အတု

ဆေးဝါး အတု
အသား အတု
လေ အတု
စကားလုံး အတု
မိန်းမ အတု
သီချင်း အတု
အရက် အတု
ရေ အတု
ပန်းသီး အတု
အပြုံး အတု
မျက်ရည် အတု
ကော်ဖီ အတု
ကဗျာ အတု
အသံ အတု
လိင် အတု
ကောင်းကင် အတု
မြေကြီး အတု
ပန်း အတု
ရနံ့ အတု
အတုခေတ်ကြီး အကြား
ငါ လူအစစ်ဖြစ်ကြောင်း
သက်သေပြဖို့ သံသယပွားမိရဲ့။ ။

*Beauty Max* မဂ္ဂဇင်း၊ ဖေဖော်ဝါရီ၊ ၂၀၁၃။

mgyoe.com

mgyoe.com SAMPLE BOOK

## လှေ

ဆရာတင်မိုးရဲ့ 'လှေတစ်စင်းနဲ့ သိချင်းသည်'စာအုပ်
ဖတ်ရင်း အိပ်ပျော်သွားရာ
ငါက လှေတစ်စင်းပေါ် ရောက်သွားတယ်။

ငါ့လှေပေါ်မှာ
ဒါရိုက်တာ အန်းလီရဲ့ ကျား
သူကြီးယောက်ဖ ငဖြိုး
ဖဲသုံးချပ်သမား ငလှိုင်
ဘိမ်းစား ငမှုံ
အရက်သမား ငစိန်
ပုပ်နေတဲ့ ငါးခုံးမ ၂၅ ကောင်နဲ့
လှေက ပဲခူး ကျော်လာပြီ
ဆက်လိုက်ရမလား ခုန်ချရမလား
စဉ်းစားရင်း ဖျတ်ခနဲ လန့်နိုးခဲ့တယ်။ ။

mgyoe.com

mgyoe.com SAMPLE BOOK

အနီရောင် မုန်းသူ

ငါက နွားရိုင်းဘဝက လာခဲ့တာပါ
အနီရောင်ကို မုန်းတယ် ...။

အင်္ကျီအနီ
မီးပွိုင့်အနီ
ကြိုးနီ
အလံနီ
ခရိုနီ
ဒီလိုပါပဲ
အနီဆိုရင် အရိုးထဲကထိ မုန်း
အနီတွေ အနီတွေ ပြာကျပါစေ ...။ ။

*Treasure Land* မဂ္ဂဇင်း။

mgyoe.com

mgyoe.com SAMPLE BOOK

**မေ့ဆေး**

ရန်ကုန် ညရဲ့
ဘုံဆိုင်တွေ လှည့်ပတ်ရင်း
ပိုင်စိုးဝေရဲ့
အိမ်ပြန်ဖို့ မေ့နေတဲ့
ဂျစ်ပစီမလေးကို သတိရ ...။

မြေချစ်သူရဲ့
မနက်ခင်း အိမ်က အထွက်
ထီးတစ်လက် အတွက်
စကားများစွာ လောင်ကျွမ်းခဲ့ရပုံကို သတိရ ...။

မောင်ချောနွယ်ရဲ့
ငါ့မိန်းမက ငါ့ရန်သူ ဖြစ်တယ်ကို သတိရ
အုတ်ကားအောက် ခေါင်းထိုးဝင်သွားတဲ့
မြို့မငြိမ်းကို သတိရ ...။

ရန်ကုန်မြို့ရဲ့ အမှောင်ထဲမှာ
ငါ မတ်တတ်ကြီး မေ့နေလေရဲ့။ ။

*Treasure Land* မဂ္ဂဇင်း။

mgyoe.com

mgyoe.com SAMPLE BOOK

## လျှောက်နေတဲ့ လမ်း

အိမ်ထောင်ရေးက
ဆုတ်လည်း စူး စားလည်း ရူး
ဖွဲ့မီးပဲ ...။

နိုင်ငံရေးက
ယုန်နဲ့အတူပြေး ခွေးနဲ့အတူလိုက် ...။

ဘာသာရေးက
ဆောက်ဖြစ်မှ ကျောင်းဒကာ
ကုန်းကောက်စရာ မရှိမှ
အနတ္တကို သတိရ
ဩော် ... လူ့ဘဝ ... လူ့ဘဝ ...။ ။

*Joke United* မဂ္ဂဇင်း၊ အောက်တိုဘာ၊ ၂၀၁၂။

mgyoe.com

mgyoe.com SAMPLE BOOK

## အောက်မေ့ဖွယ်

ဦးခေါင်းတွေကို မြင်ရတယ်
ခြေထောက်တွေကို မြင်ရတယ်
လက်ခုပ်တစ်ဖောင် မြင့်တဲ့
စိတ်ဓာတ်တွေကို မြင်ရတယ် …။

စက်တင်ဘာမိုး ဖြည်းဖြည်းချင်း ကျနေတယ်
အနီရောင် ရေပန်းတစ်ခု
ပန်းပုရုပ်အဖြစ် ရှင်သန်ခဲ့တယ်
သြော် …
ငါတို့ရဲ့ သေကံမရောက် သက်မပျောက်တဲ့ နှစ်များ။ ။

*Beauty* မဂ္ဂဇင်း၊ ဩဂုတ်၊ ၂၀၁၂။

mgyoe.com

mgyoe.com SAMPLE BOOK

အလွမ်း

ဂျာမနီမှာ
ဟစ်တလာ မရှိတော့ဘူး ...။

အီတလီမှာ
မူဆိုလီနီ မရှိတော့ဘူး ...။

အီရတ်မှာ
ဆက်ဒမ်ဟူစိန် မရှိတော့ဘူး ...။

လစ်ဗျားမှာ
ကဒါဖီ မရှိတော့ဘူး ...။

လွမ်းစရာကောင်းလိုက်တာ
ဒီအလွမ်းတွေက
ကောလာဟလ မဟုတ်ပါဘူး
နောက်ဆိုရင်
ကမ္ဘာပေါ်မှာ အာဏာရှင်ဆိုတာ
ဒိုင်နိုဆောတွေ မျိုးတုံးသွားသလို
မျိုးတုံး ပျောက်ကွယ်သွားမှာပါ အချစ်ရယ် ...။ ။

*စက်တင်ဘာ၊ ၂၀၁၂။*

mgyoe.com

mgyoe.com SAMPLE BOOK

ကိုယ်ရေးရာဇဝင်

ကောက်ရိုးပုံ စောင့်ဖူးတယ်
ဘကြီးနွား အလကား ကျောင်းဖူးတယ်
ငါးပိသည်ရဲ့ ခွေးကို မောင်းဖူးတယ်
ကျွန်ဝယ်ရာ အဆစ်ပါဖူးတယ်
ရှင်ကြီးဝမ်းလည်း ဝင်ဖူးတယ်
ရှင်ငယ်ဝမ်းလည်း ဝင်ဖူးတယ်
မောင်ပုံ စောင်းတီးမတတ်တာ ဆန်းလား ...။ ။

*မဟေသီ မဂ္ဂဇင်း၊ ဇွန်၊ ၂၀၁၂။*

mgyoe.com

mgyoe.com SAMPLE BOOK

## လူ့ဘဝကို ဖွင့်ကြည့်ခြင်း

ကမ္ဘာဦးအစ
လူထီး လူမ အာဒံ–ဧဝ
မစားကောင်းတဲ့အသီး စားလို့
ငါတို့မှာ ဒုက္ခရောက်ရတယ်။
ငါတို့ဟာ
မျောက်မည်း (မဲ)
သစ်ကိုင်း ခုန်ကူး
သန်းဥတုပ် အတင်းပြော
မေထုံ မှိုဝဲ ရောဂါသယ်ဆောင်
ပါးစပ်ပေါက်တွေက သင်္ချိုင်း ...။
သေနေ့ကို စောင့်ရင်း
အဘိဇ္ဈာ မျိုးပွား
သံသယ သံသရာထဲ မြုပ်ချည်ပေါ်ချည်
ကူးခတ် ...။
မိတ်ဆွေ ဦးခေါင်းထဲ
မေတ္တာညွန့်တွေ အညှောင့်မပေါက်ခဲ့ရင်
အိပ် ... စား ... ကာမ
တိရစ္ဆာန်ဘဝနဲ့ ဘာထူးမှာလဲ ...။ ။

*ရုပ်ရှင်တေးကဗျာ မဂ္ဂဇင်း၊ ဧပြီ၊ ၂၀၁၂။*

mgyoe.com

mgyoe.com SAMPLE BOOK

## မီးခြစ်ပေါ်က မျောက်သုံးကောင်

မျောက်သုံးကောင်ကို
ငါ တွေ့ဖူးတယ်။

တစ်ကောင်က ပါးစပ်ကို ပိတ်
တစ်ကောင်က မျက်လုံးကို ပိတ်
တစ်ကောင်က နားကို ပိတ်
သြော် ... မီးခြစ်ပေါ်က မျောက်သုံးကောင် ...။

ခုတော့
အဲဒီ မျောက်သုံးကောင်
ငါ အဖြစ်ချင်ဆုံး ဘဝပေါ့ ...။ ။

*ရန်ကုန်သစ် မဂ္ဂဇင်း၊ အောက်တိုဘာ၊ ၂၀၁၂။*

mgyoe.com

mgyoe.com SAMPLE BOOK

## မှုံပြာတေး

ငါ့အဘွားက
ငါ့အမေကို မွေးတော့
ဗုံးခိုကျင်းထဲမှာ
မှုံပြာတေး ဂျာအေး သူ့အမေရိုက်နဲ့
ချော့သိပ်ခဲ့တယ်။

ငါ့အမေက
ငါ့ကို မွေးတော့
ရောင်စုံသူပုန် ပြည်တွင်းစစ် အတွင်းမှာ
ရွာအပြင် ထန်းတောထဲ ပုန်းခိုရင်း
မှုံပြာတေး ဂျာအေး သူ့အမေရိုက်နဲ့
ချော့သိပ်ခဲ့တယ်။

ငါ့မိန်းမက ငါ့သားကို မွေးတော့
ငါက အလယ်ရိုးမမှာ ပြေးရင်းလွှားရင်း
မှုံပြာတေး ဂျာအေး သူ့အမေရိုက်နဲ့
ချော့သိပ်ခဲ့ရပြန်တယ်။

ငါတို့မျိုးဆက် တစ်ဆက်လုံး
မှုံပြာတေး ဂျာအေး သူ့အမေရိုက်နဲ့
သားချော့တေးဟာ
မဆုံးနိုင်တဲ့ ဂန္ထဝင် တေးတစ်ပုဒ်ပေါ့။ ။

*အလင်္ကာဝတ်ရည် မဂ္ဂဇင်း၊ မေ၊ ၂၀၁၂။*
*ရန်သစ် မဂ္ဂဇင်း၊ ဇူလိုင်၊ ၂၀၁၂။*

mgyoe.com